# အမျိုးသမီးများအား
# နည်းမျိုးစုံဖြင့်ခွဲခြားမှုပပျောက်ရေးဆိုင်ရာ
# ကုလသမဂ္ဂကွန်ဗင်းရှင်း

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၁ - ၃ |
| | **အပိုင်း (၁)** | |
| ၂။ | အပိုဒ်(၁) | ၄ |
| ၃။ | အပိုဒ်(၂) | ၄- ၅ |
| ၄။ | အပိုဒ်(၃) | ၅ |
| ၅။ | အပိုဒ်(၄) | ၅ - ၆ |
| ၆။ | အပိုဒ်(၅) | ၆ |
| ၇။ | အပိုဒ်(၆) | ၆ |
| | **အပိုင်း (၂)** | |
| ၈။ | အပိုဒ်(၇) | ၇ |
| ၉။ | အပိုဒ်(၈) | ၇ |
| ၁၀။ | အပိုဒ် (၉) | ၇-၈ |
| | **အပိုင်း (၃)** | |
| ၁၁။ | အပိုဒ် (၁၀) | ၈-၉ |
| ၁၂။ | အပိုဒ် (၁၁) | ၉ - ၁၁ |
| ၁၃။ | အပိုဒ် (၁၂) | ၁၁ |
| ၁၄။ | အပိုဒ် (၁၃) | ၁၁-၁၂ |
| ၁၅။ | အပိုဒ် (၁၄) | ၁၂-၁၃ |
| | **အပိုင်း (၄)** | |
| ၁၆။ | အပိုဒ် (၁၅) | ၁၃ |
| ၁၇။ | အပိုဒ် (၁၆) | ၁၄-၁၅ |
| | **အပိုင်း (၅)** | |
| ၁၈။ | အပိုဒ် (၁၇) | ၁၅-၁၇ |
| ၁၉။ | အပိုဒ် (၁၈) | ၁၇ |

| **စဉ်** | **အကြောင်းအရာ** | **စာမျက်နှာ** |
|---|---|---|
| ၂၀။ | အပိုဒ် (၁၉) | ၁၇ |
| ၂၁။ | အပိုဒ် (၂၀) | ၁၇ |
| ၂၂။ | အပိုဒ် (၂၁) | ၁၈ |
| ၂၃။ | အပိုဒ် (၂၂) | ၁၈ |
| | **အပိုင်း (၆)** | |
| ၂၄။ | အပိုဒ် (၂၃) | ၁၈ |
| ၂၅။ | အပိုဒ်(၂၄) | ၁၉ |
| ၂၆။ | အပိုဒ်(၂၅) | ၁၉ |
| ၂၇။ | အပိုဒ်(၂၆) | ၁၉ |
| ၂၈။ | အပိုဒ်(၂၇) | ၁၉-၂၀ |
| ၂၉။ | အပိုဒ်(၂၈) | ၂၀ |
| ၃၀။ | အပိုဒ်(၂၉) | ၂၀-၂၁ |
| ၃၁။ | အပိုဒ်(၃၀) | ၂၁ |

# အမျိုးသမီးများအား နည်းမျိုးစုံဖြင့်ခွဲခြားမှုပပျောက်ရေးဆိုင်ရာ
# ကုလသမဂ္ဂကွန်ဗင်းရှင်း
## နိဒါန်း

စာချုပ်ဝင်နိုင်ငံများသည်-

ကုလသမဂ္ဂပဋိညာဉ်စာတမ်းသည် အခြေခံလူ့အခွင့်အရေးများ၌ ယုံကြည်မှု၊ လူပုဂ္ဂိုလ်၏ ဂုဏ်သိက္ခာနှင့် တန်ဖိုး၌ ယုံကြည်မှု၊ အမျိုးသားနှင့် အမျိုးသမီးများတန်းတူအခွင့်အရေးရှိမှု၌ ယုံကြည်မှုတို့ကို ထပ်ဆင့်အတည်ပြုကြောင်း ဂရုပြုမိသောကြောင့်တစ်ကြောင်း၊

လူ့အခွင့်အရေးများဆိုင်ရာကုလသမဂ္ဂကြေညာစာတမ်းသည် ခွဲခြားမှုခွင့်မပြုရေးမူကို အတည်ပြုကြောင်းနှင့် လူပုဂ္ဂိုလ်များသည် လွတ်လပ်စွာ မွေးဖွားလာခြင်းဖြစ်ပြီး ဂုဏ်သိက္ခာနှင့်အခွင့်အရေးများ၌ တန်းတူရှိကြကြောင်းကိုလည်းကောင်း၊ လိင်အပေါ်အခြေခံ၍ ခွဲခြားမှုအပါအဝင် မည်သည့်ခွဲခြားမှုမျှမရှိစေဘဲ ရှေ့တွင်ပါရှိသည့်အတိုင်း လူတိုင်းသည် အခွင့်အရေးများနှင့် လွတ်လပ်မှုများကို ခံစားပိုင်ခွင့်ရှိကြောင်းကိုလည်းကောင်း၊ ကြေညာထားချက်အား ဂရုပြုမိသောကြောင့်တစ်ကြောင်း၊

လူ့အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာစာချုပ်ဝင်နိုင်ငံများသည် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ ပြည်သူ့ရေးရာနှင့်နိုင်ငံရေးအခွင့်အရေးများကို အမျိုးသားနှင့် အမျိုးသမီးများ တန်းတူခံစားခွင့်ရှိစေရေးအတွက် တာဝန်ရှိကြကြောင်း ဂရုပြုမိသောကြောင့်တစ်ကြောင်း၊

ကုလသမဂ္ဂနှင့် အထူးအေဂျင်စီများ၏ ကြီးကြပ်ပံ့ပိုးမှုဖြင့် အမျိုးသားနှင့် အမျိုးသမီးများတန်းတူအခွင့်အရေးရှိစေရေးကို မြှင့်တင်သည့် အပြည်ပြည်ဆိုင်ရာသဘောတူညီချက်များ အပြီးသတ်ရေးအတွက် ထည့်သွင်းဆင်ခြင်စဉ်းစားမိသောကြောင့်တစ်ကြောင်း၊

အမျိုးသားနှင့် အမျိုးသမီးများ တန်းတူအခွင့်အရေးရှိစေရေးကို မြှင့်တင်သည့် ကုလသမဂ္ဂနှင့်အထူးအေဂျင်စီများက လက်ခံအတည်ပြုထားသောဆုံးဖြတ်ချက်များ၊ ကြေညာချက်များနှင့် ထောက်ခံချက်များကိုလည်း ဂရုပြုမိသောကြောင့်တစ်ကြောင်း၊

သို့ရာတွင် ဤကဲ့သို့ အမျိုးမျိုးသောစာချုပ်များရှိလင့်ကစား အမျိုးသမီးများအား ခွဲခြားမှုသည် ကျယ်ပြန့်စွာ ဆက်လက်တည်ရှိနေခြင်းကို စိုးရိမ်သောကြောင့်တစ်ကြောင်း၊

အမျိုးသမီးများအားခွဲခြားမှုသည် အခွင့်အရေးများတန်းတူရှိရေးနှင့် လူ့ဂုဏ်သိက္ခာ လေးစားရေးမူများကို ချိုးဖောက်ခြင်းဖြစ်ပြီး နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှု ဘဝနယ်ပယ်တို့၌ အမျိုးသားများနှင့် တန်းတူရည်တူ အမျိုးသမီးများ ပါဝင်ဆောင်ရွက်ခြင်းကို အဟန့်အတားဖြစ်စေလျက်ရှိကြောင်း၊ လူ့အဖွဲ့အစည်းနှင့် မိသားစုကြီးပွားချမ်းသာမှု တိုးတက်ခြင်းကို တားဆီးလျက်ရှိကြောင်း၊ နိုင်ငံ့ဝန်ကိုထမ်းရွက်ရန် အမျိုးသမီးများ၏ အစွမ်းသတ္တိနှင့် ယင်းတို့၏ သနားကြင်နာတတ်မှုများ အပြည့်အဝ ဖွံ့ဖြိုးတိုးတက်စေမှုကို ပိုမိုခက်ခဲစေလျက် ရှိကြောင်း၊ ပြန်လည်အမှတ်ရမိသောကြောင့်တစ်ကြောင်း၊

ဆင်းရဲနွမ်းပါးမှု အခြေအနေများထဲတွင် အမျိုးသမီးများသည် အစားအစာ၊ ကျန်းမာရေး၊ ပညာရေး၊ လေ့ကျင့်သင်ကြားရေး၊ အလုပ်အကိုင်အခွင့်အလမ်းများနှင့် အခြားလိုအပ်ချက်များ၌ အနည်းဆုံး အခွင့်အလမ်းများသာ ရရှိနေခြင်းကို စိုးရိမ်သောကြောင့်တစ်ကြောင်း၊

သာတူညီမျှခြင်းနှင့် တရားမျှတခြင်းအပေါ်အခြေပြုသည့် အပြည်ပြည်ဆိုင်ရာစီးပွားရေးအခြေအနေအသစ် တည်ထောင်ခြင်းသည် အမျိုးသားများနှင့် အမျိုးသမီးများအကြား တန်းတူညီတူရရှိရေးမြှင့်တင်ခြင်းကို ထူးခြားစွာ အထောက်အကူဖြစ်စေမည်ဟု ယုံကြည်သောကြောင့် တစ်ကြောင်း၊

အသားအရောင်ခွဲခြားခြင်း၊ နည်းမျိုးစုံသောလူမျိုးခွဲခြားရေးဝါဒ၊ လူမျိုးခွဲခြားခြင်း၊ ကိုလိုနီဝါဒ၊ လက်သစ်ကိုလိုနီဝါဒကျူးကျော်ဝင်ရောက်ခြင်း၊ နိုင်ငံခြားမှ ဝင်ရောက်သိမ်းပိုက်ခြင်း၊ စိုးမိုးခြင်းနှင့် နိုင်ငံများ၏ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်ခြင်းတို့ ပပျောက်ရေးတို့သည် အမျိုးသားများနှင့် အမျိုးသမီးများ၏အခွင့်အရေးများကို အပြည့်အဝခံစားရရှိရေးတွင် လိုအပ်လျက်ရှိသည်ကို အလေးအနက်ဂရုပြုမိသောကြောင့်တစ်ကြောင်း၊

အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို တိုးတက်ခိုင်မြဲအောင် ဆောင်ရွက်ခြင်း၊ နိုင်ငံတကာတင်းမာမှုလျော့ပါးစေခြင်း၊ လူမှုရေးနှင့် စီးပွားရေးစနစ်များ မတူညီစေကာမူ နိုင်ငံများအကြား အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း၊ အထွေထွေနှင့် လုံးဝလက်နက်များဖျက်သိမ်းခြင်း၊ အထူးအားဖြင့် တိကျပြီးထိရောက်သည့် အပြည်ပြည်ဆိုင်ရာကြီးကြပ်မှုအောက်တွင် နျူးကလီးယားလက်နက်များဖျက်သိမ်းခြင်း၊ နိုင်ငံများအကြားတွင် တရားမျှတခြင်း၊ သာတူညီမျှရှိခြင်းနှင့်နှစ်ဦးနှစ်ဖက် အကျိုးစီးပွားရှိရေးဆိုင်ရာမူများကို အတည်ပြုခြင်း၊ ကိုလိုနီစနစ်အရ စိုးမိုးခြင်းနှင့်ပြည်ပသိမ်းပိုက်မှုအောက်ရှိပြည်သူလူထု၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့်လွတ်လပ်မှု

နှင့် နိုင်ငံ၏အချုပ်အခြာအာဏာနှင့် ပိုင်နက်နယ်မြေတည်တံ့မှုတို့ကို လေးစားမှုရှိစေရေးတို့သည် အကျိုးရလဒ်အားဖြင့် လူနေမှုဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်စေပြီး အမျိုးသားနှင့် အမျိုးသမီးတို့အကြား တန်းတူညီမျှမှုကို အပြည့်အဝရရှိစေမည်ဖြစ်ကြောင်းကို အခိုင်အမာအတည်ပြုသောကြောင့်တစ်ကြောင်း၊

နိုင်ငံတစ်နိုင်ငံ၏ပြီးပြည့်စုံသည့် ဖွံ့ဖြိုးတိုးတက်မှု၊ ကမ္ဘာ့အကျိုးနှင့် ငြိမ်းချမ်းစေသည့် အကြောင်းတရားတို့တွင် ကဏ္ဍအသီးသီး၌ အမျိုးသားများနှင့် တန်းတူရှိစေသော အမျိုးသမီးများ၏ အမြင့်မားဆုံးသော ပါဝင်ဆောင်ရွက်မှုရှိရန် လိုအပ်ကြောင်းကို ယုံကြည်သောကြောင့်တစ်ကြောင်း၊

ယခုအချိန်အထိ အပြည့်အဝအသိအမှတ်ပြုမခံရသေးသည့် မိသားစုအကျိုးအတွက်လည်းကောင်း၊ လူမှုအဖွဲ့အစည်းတိုးတက်ရေးအတွက်လည်းကောင်း၊ အမျိုးသမီးများ၏ ကြီးမားသောစွမ်းဆောင်မှု၊ မိခင်၏လူမှုအရေးပါမှုနှင့် မိသားစုနှင့် ကလေးသူငယ်များအား ပြုစုပျိုးထောင်ရေးတွင် မိဘနှစ်ပါး၏ အခန်းကဏ္ဍတို့ကို ကောင်းစွာသတိပြုမိသောကြောင့်လည်းကောင်း၊ သားသမီးမွေးဖွားရာတွင် အမျိုးသမီးများအခန်းကဏ္ဍသည် ခွဲခြားမှု၏ အခြေခံမဖြစ်သင့်ဘဲ ကလေးသူငယ်အား ပြုစုပျိုးထောင်ရေးအတွက် လူမှုအဖွဲ့အစည်းတစ်ခုလုံးတွင် အမျိုးသားနှင့်အမျိုးသမီးအကြားတာဝန်ခွဲယူရန်လိုအပ်မှုကို ကောင်းစွာသတိပြုမိသောကြောင့်တစ်ကြောင်း၊

အမျိုးသားများ၏ ရိုးရာအစဉ်အလာပြောင်းလဲခြင်းနည်းတူ လူမှုအဖွဲ့အစည်းနှင့် မိသားစုအတွင်းတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍပြောင်းလဲလာခြင်းတွင် အမျိုးသား၊ အမျိုးသမီးများအကြား တန်းတူညီမျှမှုအပြည့်အဝရှိရန်လိုအပ်သည်ကို ဂရုပြုမိသောကြောင့်တစ်ကြောင်း၊

အမျိုးသမီးများအား ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကြေညာချက်တွင် ဖော်ပြထားသော အခြေခံမူများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် ယင်းရည်ရွယ်ချက်အလို့ငှာ အဆိုပါခွဲခြားမှုများပပျောက်ရေးအတွက် နည်းမျိုးစုံနှင့် ပေါ်လွင်သည့်အချက်ကို ထုတ်ဖော်ပြရန်လိုအပ်သည့် အရေးယူဆောင်ရွက်မှုများကို လက်ခံအတည်ပြုရန် ဆုံးဖြတ်သောကြောင့်တစ်ကြောင်း၊ ထိုအကြောင်းများကြောင့်အောက်ပါအတိုင်းသဘောတူညီကြပါသည်-

## အပိုင်း-၁

### အပိုဒ်-၁

ဤကွန်ဗင်းရှင်း၏ ရည်ရွယ်ချက်များအလို့ငှာ "အမျိုးသမီးများအား ခွဲခြားမှု" ဟူသည့် စကားရပ်သည် ယင်းတို့၏အိမ်ထောင်ရေးအခြေအနေ မည်သို့ပင်ရှိစေကာမူ၊ အမျိုးသားနှင့် အမျိုးသမီး တန်းတူညီမျှရှိမှုအပေါ်အခြေခံ၍ လူ့အခွင့်အရေးများနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ ပြည်သူ့ရေးရာ သို့မဟုတ် အခြားနယ်ပယ်တို့တွင် အမျိုးသမီးများအား အသိအမှတ်ပြုခြင်း၊ အမျိုးသမီးများခံစားခွင့် သို့မဟုတ် ကျင့်သုံးပိုင်ခွင့်ရှိခြင်းတို့ကို လိင်အပေါ်အခြေခံ၍ ယိုယွင်းစေရန် သို့မဟုတ် ပျက်သုဉ်းစေရန် ရည်ရွယ်ချက်ရှိသည့် မည်သည့်ခွဲခြားခြင်း၊ တားဆီးပိတ်ပင်ခြင်း သို့မဟုတ် ကန့်သတ်ခြင်းကိုမဆို ဆိုလိုသည်။

### အပိုဒ်-၂

စာချုပ်ဝင်နိုင်ငံများသည် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုများကို ရှုံ့ချပြီး အမျိုးသမီးများအား ခွဲခြားမှုပပျောက်ရေးမူဝါဒတစ်ရပ်ကို ကြန့်ကြာခြင်းမရှိစေဘဲ သင့်မြတ်သည့် နည်းလမ်းများဖြင့် အားထုတ်လုပ်ဆောင်ရန် သဘောတူကြလျက် ဤရည်ရွယ်ချက် အလို့ငှာ-

(က) အမျိုးသားများနှင့် အမျိုးသမီး တန်းတူညီမျှမှုရှိရေး၊ အခြေခံမူကို ယင်းတို့၏ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေများတွင် သို့မဟုတ် အကယ်၍ ပြဋ္ဌာန်းခြင်း မရှိသေးပါက အခြားသင့်လျော်သောဥပဒေတွင် ပြဋ္ဌာန်းပြီး ဤအခြေခံမူကို လက်တွေ့တွင် အမှန်တကယ် ကျင့်သုံးရန် ဥပဒေမှ တစ်ဆင့်လည်းကောင်း၊ အခြားသင့်လျော်သောနည်းလမ်းများဖြင့်လည်းကောင်း ထင်ရှားပြသရန်၊

(ခ) သင့်လျော်သည့် ဥပဒေများ ပြုစုပြဋ္ဌာန်းခြင်းနှင့်သင့်လျော်သည့် အရေးယူမှု ပြုရန် အခွင့်အမိန့်အပါအဝင် အမျိုးသမီးအပေါ်ခွဲခြားမှုများအား တားမြစ်ခြင်း ပြုသည့် အခြားအရေးယူဆောင်ရွက်မှုများကို လက်ခံအတည်ပြုရန်၊

(ဂ) အမျိုးသားများနှင့် တန်းတူညီမျှမှုရှိခြင်းအပေါ် အခြေခံလျက် အမျိုးသမီးများ၏ အခွင့်အရေးများကို ဥပဒေအရ အကာအကွယ်ပေးရန်နှင့် အမျိုးသမီးများအား ခွဲခြားသည့် မည်သည့် အပြုအမူကိုမဆို အရည်အချင်းပြည့်မီသည့် ပြည်တွင်း

ခုံရုံးများနှင့်အခြားပြည်သူ့အဖွဲ့အစည်းများမှတစ်ဆင့်ဥပဒေနှင့်အညီ ထိရောက်စွာ အကာအကွယ် ပေးရေးအတွက် အခြေခံတည်ဆောက်ရန်၊

(ဃ) အမျိုးသမီးများအားခွဲခြားသည့် မည်သည့်အပြုအမူ သို့မဟုတ် အမူအကျင့်တွင် မဆို ပါဝင်ပတ်သက်ခြင်းမှ ရှောင်ကြဉ်ရန်နှင့် ပြည်သူ့အာဏာပိုင်များနှင့် အဖွဲ့အစည်းများသည် ဤတာဝန်ဝတ္တရားနှင့်အညီ ဆောင်ရွက်ရေးအတွက် အာမခံရန်၊

(င ) ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်း သို့မဟုတ် လုပ်ငန်းကအမျိုးသမီးများအား ခွဲခြားမှုပပျောက်ရေးအတွက် သင့်လျော်သည့်နည်းလမ်းများဖြင့် ဆောင်ရွက်ရန်၊

(စ) အမျိုးသမီးများအား ခွဲခြားမှုဖြစ်စေသည့် တည်ဆဲဥပဒေများ၊ စည်းမျဉ်းဥပဒေများ၊ ဓလေ့ထုံးစံများနှင့် အမူအကျင့်များကို ပြောင်းလဲရေး သို့မဟုတ် ဖျက်သိမ်းရေးအတွက် ဥပဒေပြုရေးအပါအဝင်သင့်လျော်သည့်နည်းလမ်းများဖြင့် ဆောင်ရွက်ရန်၊

(ဆ) အမျိုးသမီးများအား ခွဲခြားမှုကိုဖြစ်စေသည့် ပြည်တွင်းပြစ်မှုဆိုင်ရာ ပြဋ္ဌာန်းချက်များကို ရုတ်သိမ်းရန် တာဝန်ယူကြသည်။

**အပိုဒ်-၃**

စာချုပ်ဝင်နိုင်ငံများသည် ဥပဒေပြုရေးအပါအဝင် သင့်လျော်သည့် နည်းလမ်းများဖြင့် နယ်ပယ်အားလုံးတွင် အထူးသဖြင့် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှု နယ်ပယ်များတွင် အမျိုးသမီးများအပြည့်အဝ တိုးတက်ဖွံ့ဖြိုးရေးနှင့် အကျိုးရှိစေရေးအတွက် အာမခံရန်နှင့် အမျိုးသားများနှင့်တန်းတူရှိခြင်းအပေါ် အခြေခံလျက် ယင်းတို့လူ့အခွင့်အရေးများနှင့် အခြေခံလွတ်လပ်ခွင့်များကိုကျင့်သုံးခံစားနိုင်ရေးအာမခံချက်ရှိစေရန် ရည်ရွယ်၍ ဆောင်ရွက်ရမည်။

**အပိုဒ်-၄**

၁။ အမျိုးသားနှင့်အမျိုးသမီးအကြား အမှန်တကယ် တန်းတူညီမျှရန် ကြိုတင် ရည်ရွယ်၍ ဆောင်ရွက်သည့် စာချုပ်ဝင်နိုင်ငံများ၏ ယာယီအားဖြင့်ပြဋ္ဌာန်း၍ အထူးအရေးယူ ဆောင်ရွက်ချက်များသည် ဤကွန်ဗင်းရှင်းတွင် အဓိပ္ပါယ်ဖွင့်ဆိုသကဲ့သို့ အမျိုးသမီးများအား ခွဲခြားသည်

ဟု မှတ်ယူခြင်းမပြုရသော်လည်း မညီမျှသော သို့မဟုတ် သီးခြားအဆင့်အတန်းများ ထိန်းသိမ်းမှုကိုမူ အကျိုးဆက်အဖြစ် မည်သည့်နည်းနှင့်မျှ ဆက်ခံခြင်းမရှိစေရ၊ ဤအရေးယူ ဆောင်ရွက်မှုများသည် အခွင့်အရေးတန်းတူညီမျှရေးနှင့် တန်းတူဆက်ဆံရေး ရည်ရွယ်ချက်များ အောင်မြင်ပြီးမြောက်သည့်အခါ ဆက်လက်မတည်ရှိစေရ။

၂။ မိခင်ကို အကာအကွယ်ပေးရန် ရည်ရွယ်၍ ဤကွန်ဗင်းရှင်းတွင် ပါဝင်သည့် အရေးယူ ဆောင်ရွက်မှုများအပါအဝင် အထူးအရေးယူဆောင်ရွက်မှုများချမှတ် ဆောင်ရွက်ခြင်းကို ခွဲခြားခြင်းဟု မှတ်ယူခြင်းမရှိစေရ။

## အပိုဒ်-၅

စာချုပ်ဝင်နိုင်ငံများသည်-

(က) လိင်အပေါ်အစွဲပြု၍ သိမ်ငယ်အားငယ်ခြင်း သို့မဟုတ် ကြီးစိုးလိုခြင်း သို့မဟုတ် ယောကျာ်း မိန်းမ တသမတ်တည်းပုံစံ အခန်းကဏ္ဍ အတွေးအခေါ် အပေါ် အခြေပြုသည့် ဘက်လိုက်မှုများ၊ ဓလေ့ထုံးတမ်းများနှင့် အခြားအမူအကျင့်များပပျောက်ရန် ရည်ရွယ်ချက်ဖြင့် အမျိုးသား အမျိုးသမီးဆက်ဆံမှု၊ လူမှုရေးနှင့် ယဉ်ကျေးမှု ပုံသဏ္ဍာန်များကို ပြောင်းလဲရန်၊

(ခ) မိသားစုပညာပေးခြင်းတွင် လူမှုရေးလုပ်ငန်းအဖြစ် မိခင်၏လျော်ကန်သော နားလည်မှုရှိခြင်းနှင့် မိမိတို့၏ ကလေးသူငယ်များအား ပြုစုပျိုးထောင်ရေးတွင် အမျိုးသား၊ အမျိုးသမီးများတူမျှစွာ တာဝန်ရှိကြောင်းကို အသိအမှတ်ပြုခြင်းတို့ ပါဝင်ပြီး ကလေးသူငယ်၏အကျိုးသည် ကိစ္စတိုင်းတွင် ဦးစွာပထမ စဉ်းစားရန် ဖြစ်သည်ကို နားလည်သဘောပေါက်ကြောင်း အာမခံရန်သင့်လျော်သည့် ဆောင်ရွက်မှုများကို ပြုလုပ်ရမည်။

## အပိုဒ်-၆

စာချုပ်ဝင်နိုင်ငံများသည် ဥပဒေပြုရေးအပါအဝင် သင့်လျော်သည့် နည်းလမ်းများဖြင့် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ရောင်းဝယ်ခြင်းနှင့် အမျိုးသမီးများအား ပြည့်တန်ဆာလုပ်ငန်းဖြင့် ခေါင်းပုံဖြတ်ခြင်းတို့ကိုနှိပ်ကွပ်ရေးအတွက် ဆောင်ရွက်ရမည်။

**အပိုင်း-၂**

**အပိုဒ်-၇**

စာချုပ်ဝင်နိုင်ငံများသည် နိုင်ငံတွင်းတွင် နိုင်ငံရေးနှင့် ပြည်သူ့ဘဝနယ်ပယ်တွင် အမျိုးသမီးများအား ခွဲခြားမှုပပျောက်ရန်အတွက် သင့်လျော်သည့်နည်းလမ်းမျိုးစုံဖြင့် အရေးယူဆောင်ရွက်ရမည်။ အထူးသဖြင့် အမျိုးသားများနှင့်တန်းတူညီမျှစွာ အမျိုးသမီးများအနေဖြင့်-

(က) ရွေးကောက်ပွဲများနှင့် ပြည်သူ့ဆန္ဒခံယူပွဲများတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိရေးနှင့် အများပြည်သူရွေးကောက်တင်မြှောက်သည့်အဖွဲ့အစည်းများတွင်ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရရှိရေး၊

(ခ) အစိုးရမူဝါဒများ ချမှတ်ခြင်းနှင့်စပ်လျဉ်း၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတွင်ပါဝင်ရေး၊ အစိုးရဌာနများတွင် တာဝန်ထမ်းဆောင်ရေးနှင့် အစိုးရဌာနအဆင့်တိုင်းတွင် ပြည်သူ့လုပ်ငန်းတာဝန်အားလုံး ဆောင်ရွက်ရေး၊

(ဂ) အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် နိုင်ငံအတွင်းပြည်သူလူထုနှင့် နိုင်ငံရေးနှင့်ပတ်သက်သည့် အသင်းအဖွဲ့များတွင် ပါဝင်ဆောင်ရွက်ရေးစသည့် အခွင့်အရေးများအတွက် အာမခံချက်ရှိစေရန် ဆောင်ရွက်ရမည်။

**အပိုဒ်-၈**

စာချုပ်ဝင်နိုင်ငံများသည် အမျိုးသမီးများအား အမျိုးသားများနှင့် တန်းတူညီမျှ ရှိစေပြီး လိင်ခွဲခြားခြင်းမရှိစေဘဲ နိုင်ငံတကာအဆင့်တွင် ယင်းတို့၏အစိုးရများကို ကိုယ်စားပြုသည့် အခွင့်အရေးများနှင့်အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် အခွင့်အရေးများရရှိစေရန် အာမခံချက်ရှိစေရေးအတွက် သင့်လျော်သည့် နည်းလမ်းများဖြင့် ဆောင်ရွက်ပေးရမည်။

**အပိုဒ်-၉**

၁။ စာချုပ်ဝင်နိုင်ငံများသည် အမျိုးသားများနည်းတူအမျိုးသမီးများအား ယင်းတို့၏လူမျိုးအဆင့်အတန်းရရှိရေးအတွက် ပြောင်းလဲရန် သို့မဟုတ် ဆက်လက်ထားရှိရန် တန်းတူအခွင့်အရေးများကို ပေးအပ်ခွင့်ပြုရမည်။ ယင်းတို့သည် အထူးသဖြင့် နိုင်ငံခြားသားတစ်ဦးအား ထိမ်းမြားခြင်း သို့မဟုတ် ထိမ်းမြားစဉ်ကာလအတွင်းခင်ပွန်းဖြစ်သူက ယင်း၏လူမျိုးပြောင်းလဲခြင်းတို့ကြောင့်ဇနီးဖြစ်သူ၏လူမျိုးအလိုအလျောက် ပြောင်းလဲသွားရခြင်း၊ ဇနီးဖြစ်သူ

နိုင်ငံမဲ့ဖြစ်သွားရခြင်း သို့မဟုတ်ခင်ပွန်းဖြစ်သူ၏ လူမျိုးကိုလိုက်၍ အတင်းအကြပ်ပြောင်းလဲစေခြင်းမရှိစေရန် အာမခံချက်ပြုရမည်။

၂။ စာချုပ်ဝင်နိုင်ငံများသည် အမျိုးသမီးများအား အမျိုးသားများကဲ့သို့ ယင်းတို့ရင်သွေး၏ နိုင်ငံသားဖြစ်မှုနှင့် စပ်လျဉ်း၍ တန်းတူအခွင့်အရေးပေးရမည်။

**အပိုင်း-၃**

**အပိုဒ်-၁၀**

စာချုပ်ဝင်နိုင်ငံများသည် ပညာရေးနယ်ပယ်တွင် အမျိုးသားများနှင့် တန်းတူအခွင့်အရေးရှိစေရန်အလို့ငှာ အမျိုးသမီးများအား ခွဲခြားမှုပပျောက်စေရေးအတွက်သင့်လျော်သည့် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်ရမည်။ အထူးသဖြင့် အမျိုးသား၊ အမျိုးသမီးတန်းတူညီမျှရေးအပေါ် အခြေခံ၍-

(က) အသက်မွေးဝမ်းကျောင်းမှုနှင့် အသက်မွေးမှုပညာနယ်ပယ်အတွက် လည်းကောင်း၊ ကျေးလက်ဒေသများတွင်လည်း မြို့ပြဒေသများတွင် ဖွဲ့စည်းတည်ထောင်ထားရှိသည့် ပညာရေးဌာန အမျိုးအစားအားလုံးတို့၌ ပညာသင်ကြားရေးနှင့် ဒီပလိုမာဘွဲ့များရရှိရေးအတွက် အာမခံချက်ရှိစေရမည်။ ဤတန်းတူညီမျှရှိရေးသည် မူလတန်းကြို များ၊အခြေခံအပညာ၊ နည်းပညာ၊ အသက်မွေးဝမ်းကျောင်းအတတ်အပညာနှင့် အဆင့်မြင့်နည်းပညာများနည်းတူ အသက်မွေးဝမ်းကျောင်းမှု ပညာအမျိုးအစား အားလုံးတို့တွင် အာမခံချက်ရှိစေရမည်။

(ခ) အလားတူ သင်ရိုးညွှန်းတမ်း၊ အလားတူ စာမေးပွဲများ၊ အလားတူအဆင့်အတွက် အလားတူ အရည်အချင်းအဆင့်ရှိသူ ဆရာ၊ ဆရာမများ၊ အလားတူ ကျောင်းပရဝုဏ်များ၊ အလားတူ အရည်အသွေးရှိ ပစ္စည်းကိရိယာများ ရပိုင်ခွင့်ရှိစေရမည်။

(ဂ) အဆင့်တိုင်းနှင့် ပုံစံတိုင်းတွင် မိန်းကလေးနှင့် ယောကျ်ားလေးအတူ စာသင်ကြားမှုနှင့် အခြားနည်းပညာသင်ကြားခြင်းကို အားပေးခြင်း၊ ဤရည်ရွယ်ချက်သို့ရောက်ရှိစေရန် ပံ့ပိုးသည့် ပညာရေးအမျိုးအစားများနှင့် အထူးသဖြင့် ကျောင်းပညာသင်ခန်းစာ စာအုပ်များ၊ အပြန်အလှန်လေ့ကျင့်ခြင်းနှင့် သင်ကြားရေးနည်းစနစ်များ အစားထိုးခြင်းဖြင့် ပညာရေးတွင် အမျိုးသားနှင့် အမျိုးသမီး

များ၏ အခန်းကဏ္ဍတစ်သမတ်တည်း ပုံစံဖြင့်နေခြင်းကို ပပျောက်ရေးအတွက် အာမခံချက်ရှိစေရမည်။

(ဃ) ပညာသင်ဆုများနှင့် ပညာသင်ကြားရေး အခြားဆုများ ရရှိအကျိုးခံစားခွင့်တွင် တူညီသော အခွင့်အလမ်းများရရှိစေရမည်။

(င ) အထူးသဖြင့် အစောဆုံးဖြစ်နိုင်သော အချိန်ကာလတွင် အမျိုးသား၊ အမျိုးသမီး များအကြား တည်ရှိနေသည့် ပညာရေးကွာဟချက်များ လျော့ပါးရန်ရည်ရွယ်သည့်အရွယ်ရောက်သူဆိုင်ရာနှင့် လုပ်ငန်းဆိုင်ရာစာပေသင်ကြား တတ်မြောက်ရေးအစီအစဉ်များ အပါအဝင် ပညာဆက်လက်သင်ကြားရေး အစီအစဉ်များတွင် သင်ကြားခွင့်ရရန် အခွင့်အရေးများတူညီသော အခွင့်အလမ်းများရရှိစေမည်။

(စ) ကျောင်းမပြီးဆုံးမီ ထွက်သွားသော အမျိုးသမီးကျောင်းသူများ လျော့ပါးရေးနှင့် အချိန်မတိုင်မီ ကျောင်းထွက်သူမိန်းကလေးများနှင့် အမျိုးသမီးများအတွက် အစီအစဉ်များ ရေးဆွဲချမှတ်ဆောင်ရွက်ရမည်။

(ဆ) အားကစားနှင့်ကာယပညာရေးတွင် တက်ကြွစွာပါဝင်ရန် အလားတူအခွင့်အရေးများအတွက် အာမခံချက်ရှိစေရမည်။

(ဇ ) သတင်းအချက်အလက်နှင့်မိသားစုစီမံကိန်းတွင်အကြံဉာဏ်ပေးခြင်းအပါအဝင် ကျန်းမာရေးနှင့် ကျန်းမာသော မိသားစုများ ဖွံ့ဖြိုးဖြစ်တည်ရေးကို အာမခံရန် သီးခြားပညာပေးရေး သတင်းအချက်အလက်များကို သင်ကြားခွင့်ရှိရန် အာမခံချက်ရှိစေရမည်။

**အပိုဒ်-၁၁**

၁။ စာချုပ်ဝင်နိုင်ငံများသည် အလုပ်လုပ်ကိုင်ရေးနယ်ပယ်တွင် အမျိုးသမီးများအား ခွဲခြားမှုပပျောက်စေရန် သင့်လျော်သည့် နည်းလမ်းများကို ဆောင်ရွက်ရမည်ဖြစ်ပြီး အမျိုးသား အမျိုးသမီး တန်းတူညီမျှရေးအပေါ်အခြေခံ၍ ယင်းအခွင့်အရေးများကို ရရှိစေရန်အလို့ငှာ အထူးသဖြင့်-

(က) လူအားလုံး၏ လွှဲပြောင်းပေးပိုင်ခွင့်မရှိသော အခွင့်အရေးတစ်ရပ်အနေဖြင့် အလုပ်လုပ်ပိုင်ခွင့် ရှိစေရမည်။

(ခ) အလုပ်ခန့်ထားမှုကိစ္စများတွင် ရွေးချယ်ရန်အတွက် စံတစ်ခုတည်းကို အသုံးပြုရေး အပါအဝင် အလားတူ အလုပ်လုပ်ကိုင်ရန် အခွင့်အလမ်းများကို ရရှိခံစားစေရမည်။

(ဂ) အသက်မွေးမှုလုပ်ငန်းနှင့် အလုပ်လုပ်ကိုင်ရန် လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်၊ ရာထူးတိုးမြှင့်ခံစားပိုင်ခွင့်၊ လုပ်ငန်းလုံခြုံရေးရပိုင်ခွင့်နှင့် လုပ်ငန်းအကျိုးကျေးဇူးအားလုံးရပိုင်ခွင့်နှင့် အသက်မွေးဝမ်းကျောင်း ပညာသင်ကြားရယူပိုင်ခွင့်နှင့် အလုပ်သင်များ၊ အဆင့်မြင့်အသက်မွေးဝမ်းကျောင်း ပညာသင်ကြားရေး အပါအဝင် ပြန်လည်လေ့ကျင့် သင်ကြားပိုင်ခွင့်ရှိစေရမည်။

(ဃ) အကျိုးခံစားခွင့်အပါအဝင် ညီမျှသောအခကြေးငွေ၊ ရပိုင်ခွင့်နှင့် အလုပ်နှင့်စပ်လျဉ်း၍ညီမျှသည့် တန်ဖိုးအပေါ်တန်းတူဆက်ဆံမှုရပိုင်ခွင့်၊ ထိုနည်းတူ လုပ်ငန်းအရည်အသွေးအကဲဖြတ်မှုတွင် ညီမျှစွာဆက်ဆံမှု ရပိုင်ခွင့်ရှိစေရမည်။

(င) အထူးသဖြင့် အငြိမ်းစားယူခြင်း၊ အလုပ်လက်မဲ့ဖြစ်ခြင်း၊ ဖျားနာခြင်း၊ နာမကျန်းခြင်း၊ အသက်အရွယ်ကြီးရင့်ခြင်းနှင့် အလုပ်လုပ်ရန် မစွမ်းဆောင်နိုင်ခြင်းများတွင် လူမှုဖူလုံရေး အာမခံချက်ရပိုင်ခွင့်၊ ထိုနည်းတူ လစာဖြင့် ခွင့်ခံစားပိုင်ခွင့်ရှိစေရမည်။

(စ) ကျန်းမာရေးအတွက် အကာအကွယ်ရပိုင်ခွင့်နှင့် မျိုးဆက်ပြန့်ပွားရေးကို အကာအကွယ်ပေးခြင်း အပါအဝင် လုပ်ငန်းခွင်အတွင်း လုံခြုံမှုရရှိပိုင်ခွင့် ရှိစေရမည်။

၂။ ထိမ်းမြားခြင်း သို့မဟုတ် မီးဖွားခြင်းအကြောင်းကြောင့် အမျိုးသမီးများအား ခွဲခြားမှုကို ကာကွယ်ရန်နှင့် ယင်းတို့အခြေအနေဖြင့် ထိရောက်စွာအလုပ်လုပ်ပိုင်ခွင့် ရရှိစေရန်အတွက် စာချုပ်ဝင်နိုင်ငံများသည် အောက်ပါသင့်လျော်သည့် ဆောင်ရွက်မှုများကို ပြုလုပ်ရမည်-

(က) ခွင့်ပြုချက်အရမှတစ်ပါး ပဋိသန္ဓေရှိခြင်းကြောင့် သို့မဟုတ် မီးဖွားခွင့်ခံစားခြင်းကြောင့် အလုပ်မှထုတ်ပစ်ခြင်းနှင့် အိမ်ထောင်ရေးအခြေအနေများကြောင့် ခွဲခြား၍ အလုပ်မှထုတ်ပစ်ခြင်းတို့ကို တားမြစ်ရန်၊

(ခ) မီးဖွားခွင့်ခံစားခြင်းကို လစာဖြင့်ပေးရန် သို့မဟုတ် ယခင်အလုပ်၊ ဝါစဉ် သို့မဟုတ် လူမှုရေး ခွင့်ပြုချက်များကိုမဆုံးရှုံးစေဘဲ တူညီသော လူမှုရေးအကျိုးခံစားခွင့်များကိုပေးရန်၊

(ဂ) မိသားစုတာဝန်ဝတ္တရားများကို အလုပ်လုပ်ရန် တာဝန်ဝတ္တရားများနှင့် ပေါင်းစပ်ပြီး မိဘများအား ပြည်သူ့ဘဝတွင် ပါဝင်စေရေးအတွက် လိုအပ်သော အထောက်အပံ့ ပြုရေးဆိုင်ရာ လူမှုလုပ်ငန်းများ ရရှိအောင် ပြုလုပ်ရေးကို အားပေးရန်၊ အထူးသဖြင့် ကလေးသူငယ်စောင့်ရှောက်ရေး အထောက်အကူ ကွန်ယက်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးရန်၊

(ဃ) အမျိုးသမီးများ ကိုယ်ဝန်ဆောင်နေစဉ်အတွင်း ယင်းတို့အား အန္တရာယ်ဖြစ်စေနိုင်ကြောင်းထင်ရှားသည့် အလုပ်မျိုးများတွင် အမျိုးသမီးများအား အထူးအကာအကွယ်ပေးရေးအတွက် ဆောင်ရွက်ရန်။

၃။ ဤအပိုဒ်တွင် အကျုံးဝင်ပါရှိသည့် ကိစ္စရပ်များဆိုင်ရာ အကာအကွယ်ပေးရေး ဥပဒေရေးဆွဲခြင်းကို သိပ္ပံနှင့်နည်းပညာဆိုင်ရာ အသိဉာဏ်ဖြင့် အချိန်ကာလအပိုင်းအခြားအလိုက် ပြန်လည်သုံးသပ်ရမည့်အပြင် လိုအပ်သလို သုံးသပ်ခြင်း(သို့မဟုတ်)ရုတ်သိမ်းခြင်း(သို့မဟုတ်) တိုးချဲ့ခြင်း ပြုရမည်။

## အပိုဒ်-၁၂

၁။ စာချုပ်ဝင်နိုင်ငံများသည် ကျန်းမာရေးစောင့်ရှောက်မှုနယ်ပယ်တွင် အမျိုးသမီးများအား ခွဲခြားမှုပပျောက်စေရေးအတွက် သင့်လျော်သည့် နည်းလမ်းမျိုးစုံဖြင့် အမျိုးသားနှင့် အမျိုးသမီးတန်းတူညီမျှမှုအပေါ် အခြေပြုလျက် သားဆက်ခြားမှု အစီအစဉ်ဆိုင်ရာ အပါအဝင် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ဆောင်ရွက်ပေးရမည်။

၂။ ဤအပိုဒ်၏ စာပိုဒ် ၁ ပါ ပြဋ္ဌာန်းချက်တွင် မည်သို့ပင်ပါရှိစေကာမူ စာချုပ်ဝင် နိုင်ငံများသည် အမျိုးသမီးများ ကိုယ်ဝန်ဆောင်သောလ၊ မီးတွင်းကာလနှင့် မီးထွက်ကာလဆိုင်ရာနှင့်ဆက်စပ်၍ အမျိုးသမီးများအား လိုအပ်သလို အခမဲ့ပြုစုစောင့်ရှောက်ပေးခြင်းနည်းတူ ကိုယ်ဝန်ဆောင်စဉ်နှင့် မိခင်နို့တိုက်စဉ် လုံလောက်သော အာဟာရကျွေးမွေးခြင်းတို့ကို အာမခံချက်ပြုလုပ်ရမည်။

## အပိုဒ်-၁၃

စာချုပ်ဝင်နိုင်ငံများသည် အခြားစီးပွားရေးနှင့် လူမှုဘဝနယ်ပယ်များတွင် အမျိုးသမီးများအား ခွဲခြားမှုပပျောက်စေရန် သင့်လျော်သော နည်းလမ်းမျိုးစုံဖြင့် အမျိုးသားနှင့် အမျိုးသမီးတန်းတူညီမျှရှိရေးအပေါ် အခြေပြုလျက် အလားတူအခွင့်အရေးများ အထူးသဖြင့်-

(က) မိသားစုအကျိုးရပိုင်ခွင့်ကို ရရှိခံစားစေရမည်။

(ခ ) ဘဏ်မှ ချေးငွေယူပိုင်ခွင့်၊ ပေါင်နှံခွင့်နှင့် အခြားငွေကြေးဆိုင်ရာ ရပိုင်ခွင့်များ ရှိစေရမည်။

(ဂ ) အနားယူလှုပ်ရှားသွားလာပိုင်ခွင့်၊ အားကစားနှင့် ယဉ်ကျေးမှုနယ်ပယ်များတွင် အခွင့်အရေးခံစားပိုင်ခွင့်ရှိစေရမည်။

**အပိုဒ်-၁၄**

၁။ စာချုပ်ဝင်နိုင်ငံများသည် ကျေးလက်ဒေသနေ အမျိုးသမီးများ ရင်ဆိုင်ကြုံတွေ့ရသည့် သီးခြားပြဿနာများနှင့် ကျေးရွာနေ အမျိုးသမီးများအနေဖြင့် ယင်းတို့၏ မိသားစုစီးပွားရေး အရ ရှင်သန်ရပ်တည်ရန် အလုပ်လုပ်ကိုင်ဆောင်ရွက်ရသည့် ထူးခြားသည့် အခန်းကဏ္ဍ အကြောင်းအရာတို့ကို ဂရုပြုရမည့်အပြင် ဤကွန်ဗင်းရှင်း၏ ပြဋ္ဌာန်းချက်များကို ကျေးလက် ဒေသနေ အမျိုးသမီးများအားလည်း အကျုံးဝင်ကျင့်သုံးမှုရှိစေရေးအတွက် အာမခံချက်ပြုရန် သင့်လျော်သည့် နည်းလမ်းအားလုံးဖြင့် ဆောင်ရွက်ရမည်။

၂။ စာချုပ်ဝင်နိုင်ငံများသည် ကျေးလက်ဒေသနေ အမျိုးသမီးများအား ခွဲခြားမှုပပျောက် စေရန် သင့်လျော်သည့်နည်းလမ်းအားလုံးဖြင့် အမျိုးသားနှင့် အမျိုးသမီးတန်းတူညီမျှမှုအပေါ် အခြေခံ၍ ယင်းတို့သည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှုတွင် ပါဝင်ဆောင်ရွက်ရန်နှင့်အကျိုး ခံစားခွင့်ရရှိစေရန် အထူးသဖြင့် ယင်းအမျိုးသမီးများသည်-

(က) ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆင့်အားလုံးတွင် စီမံကိန်းများကို အားစိုက် လုပ်ဆောင်၍ အကောင်အထည်ဖော်ဆောင်ရွက်ရေးတွင် ပါဝင်ဆောင်ရွက်ရန်၊

(ခ ) သားဆက်ခြားမှုအစီအစဥ်တွင် သတင်းအချက်အလက်၊ တိုင်ပင်ညှိနှိုင်းခြင်းနှင့် ဂရုပြုစောင့်ရှောက်မှုများ အပါအဝင် လုံလောက်သည့် ကျန်းမာရေးစောင့် ရှောက်မှု လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ရန်၊

(ဂ ) လူမှုဖူလုံရေးအစီအစဥ်များမှ တိုက်ရိုက် အကျိုးခံစားပိုင်ခွင့်ရရှိရန်၊

(ဃ) လေ့ကျင့်သင်ကြားရေးနှင့် ပညာရေးအမျိုးအစားအားလုံး၊ လုပ်ငန်းဆိုင်ရာ စာပေတတ်မြောက်မှုအပါအဝင် အဖွဲ့အစည်းတစ်ရပ်လုံးအကျိုးကျေးဇူးရှိရေး နှင့် ယင်းတို့၏ နည်းပညာအသိ ကျွမ်းကျင်တတ်မြောက်ရန်အလို့ငှာ တိုးမြှင့် ဆောင်ရွက်မှုလုပ်ငန်းများကို သင်ကြားရရှိရန်၊

(င ) အလုပ်ခန့်ထားခြင်း သို့မဟုတ် ကိုယ်ထူကိုယ်ထလုပ်ငန်းမှ တစ်ဆင့် စီးပွားရေး အခွင့်အလမ်းများညီမျှစွာရရှိရန် အလို့ငှာ ကိုယ်ထူကိုယ်ထ အသင်းအဖွဲ့များ နှင့်သမဝါယမအသင်းများကို ဖွဲ့စည်းရန်၊

(စ) ပြည်သူ့လှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ရန်၊

(ဆ) စိုက်ပျိုးရေး၊ ငွေကြေးနှင့် ချေးငွေများ၊ အရောင်းအဝယ်ပစ္စည်းများ လုံလောက် သည့် နည်းပညာနှင့် မြေယာတန်းတူ ရပိုင်ခွင့်နှင့် ပြန်လည်ထူထောင်ရေး စီမံကိန်းများ၊ မြေယာပြုပြင်မှုများတွင် ပါဝင်ဆောင်ရွက်ရန်၊

(ဇ) အထူးသဖြင့် အိုးအိမ်၊ ကျန်းမာသန့်ရှင်းရေး၊ လျှပ်စစ်နှင့် ရေရရှိရေး၊ ပို့ဆောင် ရေးနှင့်ဆက်သွယ်ရေးများတွင် လုံလောက်သည့် လူနေမှုဘဝရရှိခံစားရန် အတွက် အာမခံချက်ရှိစေရမည်။

## အပိုင်း-၄

## အပိုဒ်-၁၅

၁။ စာချုပ်ဝင်နိုင်ငံများသည် ဥပဒေအရာတွင် အမျိုးသမီးများအား အမျိုးသားများနည်းတူ တန်းတူညီမျှမှုကို ပေးရမည်။

၂။ စာချုပ်ဝင်နိုင်ငံများသည် တရားမမှုများတွင် အမျိုးသားများနည်းတူ အမျိုးသမီးများ အား ဥပဒေအရ စွမ်းဆောင်ပိုင်ခွင့်နှင့် ယင်းစွမ်းဆောင်ပိုင်ခွင့်ကို ကျင့်သုံးရန် တူညီသော အခွင့်အလမ်းများပေးရမည်။ အထူးသဖြင့် စာချုပ်ဝင်နိုင်ငံများသည် အမျိုးသမီးများအား ပဋိညာဉ်ချုပ်ဆိုပိုင်ခွင့်နှင့် ပစ္စည်းစီမံခန့်ခွဲပိုင်ခွင့်ကိုပေးရမည်။ထို့ပြင်တရားရုံးများနှင့် ခုံရုံးများ တွင် လုပ်ထုံးအဆင့်ဆင့်တွင် တန်းတူညီမျှဆက်ဆံရမည်။

၃။ စာချုပ်ဝင်နိုင်ငံများသည် အမျိုးသမီးများ၏ ဥပဒေအရ စွမ်းဆောင်ပိုင်ခွင့်ကို ကန့်သတ်သည့် ဥပဒေရေးရာ အကျိုးသက်ရောက်စေသော ပဋိညာဉ်များနှင့် အခြားပုဂ္ဂလိက စာချုပ်စာတမ်းများ၊ အမျိုးအစားအားလုံးသည် ပျက်ပြယ်သည်ဟု မှတ်ယူရမည့် အကြောင်းကို သဘောတူညီကြသည်။

၄။ စာချုပ်ဝင်နိုင်ငံများသည် လူများပြောင်းရွှေ့မှုနှင့် အမြဲနေရပ်နှင့် တရားဝင်နေထိုင်ရာ အရပ်ကို လွတ်လပ်စွာရွေးချယ်ခြင်းဆိုင်ရာဥပဒေနှင့်စပ်လျဉ်း၍ အမျိုးသားများနှင့် အမျိုး သမီးများအား တန်းတူအခွင့်အရေးများပေးအပ်ရမည်။

## အပိုဒ်-၁၆

၁။ စာချုပ်ဝင်နိုင်ငံများသည် ထိမ်းမြားခြင်း၊ မိသားစုဆက်ဆံခြင်းတို့နှင့် ပတ်သက်သမျှ ကိစ္စရပ်အားလုံးတွင် အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုကိုတိုက်ဖျက်ရန်လိုအပ်သော ဆောင်ရွက်မှုအဝဝကို အထူးသဖြင့် အမျိုးသားနှင့် အမျိုးသမီးတန်းတူရည်တူရှိမှုအပေါ်

အခြေခံ၍ ဆောင်ကြည်းရာတွင် -

(က) ထိမ်းမြားရာတွင် အခွင့်အရေးတန်းတူရှိခြင်း၊

(ခ) အိမ်ထောင်ဖက်ရွေးချယ်ရာတွင် အခွင့်အရေးတန်းတူရှိခြင်းနှင့် လွတ်လပ်သော သဘောတူညီချက် အပြည့်အဝဖြင့် ထိမ်းမြားခွင့်ရှိခြင်း၊

(ဂ) အိမ်ထောင်ရေးကာလအတွင်းနှင့် ယင်းကိုဖျက်သိမ်းရာ၌ အခွင့်အရေးများနှင့် တာဝန်များတန်းတူရှိခြင်း၊

(ဃ) မိမိတို့၏သားသမီးများနှင့်ပတ်သက်၍ အိမ်ထောင်ရေးရာ အဆင့်အတန်း အပေါ်မတွက်ဆဘဲ မိဘ၏အခွင့်အရေးနှင့်တာဝန်များတန်းတူရှိခြင်း၊ မည်သည့် ကိစ္စများတွင်မဆိုသားသမီးများ၏ အကျိုးစီးပွားကို ပဓာနထားရှိခြင်း၊

(င) သားသမီးအရေအတွက်နှင့် သားဆက်ခြားကာလတို့ကို လွတ်လွတ်လပ်လပ် တာဝန်ရှိရှိဆုံးဖြတ်ရန် အခွင့်အရေးတန်းတူရှိခြင်း၊ ယင်းအခွင့်အရေးများကို ကျင့်သုံးနိုင်ရေးအတွက် သတင်းစကားများ၊ အသိပညာများနှင့် နည်းလမ်းများ ရရှိနိုင်ခွင့်ရှိခြင်း၊

(စ) သားသမီးအုပ်ထိန်းခြင်း၊ ထိန်းသိမ်းခြင်း၊ ယုံမှတ်အပ်နှံခြင်း၊ မွေးစားခြင်း၊ သို့မဟုတ် ယင်းသဘောတရားတို့ပါရှိသော အလားတူကိစ္စရပ်များနှင့် ပတ်သက်၍ အမျိုးသားဥပဒေများတွင် အခွင့်အရေးနှင့် တာဝန်တန်းတူရှိခြင်း၊ မည်သည့်ကိစ္စများတွင်မဆို သားသမီးများ၏အကျိုးစီးပွားကိုပဓာနထားရှိခြင်း၊

(ဆ) မျိုးရိုးနာမည်၊ အသက်မွေးဝမ်းကျောင်းမှုနှင့် အလုပ်အကိုင်ရွေးချယ်မှုအခွင့် အရေးအပါအဝင် ခင်ပွန်းနှင့်ဇနီးအနေဖြင့် ကိုယ်ပိုင်အခွင့်အရေးများရှိခြင်း၊

(ဇ) ပစ္စည်းဥစ္စာဆိုင်ရာပိုင်ဆိုင်မှု၊ ရရှိမှု၊ ကြီးကြပ်ကွပ်ကဲမှု၊ စီမံခန့်ခွဲမှု၊ အကျိုးခံစားမှု နှင့် လွှဲအပ်ပေးမှုတို့နှင့်ပတ်သက်၍ အခမဲ့ဖြစ်စေ၊ တန်ဖိုးသင့် အဖိုးစားနားဖြင့်

ဖြစ်စေ၊ အိမ်ထောင်ဖက်နှစ်ဦးစလုံးအနေဖြင့် အခွင့်အရေးတန်းတူရှိခြင်း တို့အတွက် အာမခံချက်ရှိစေရမည်။

၂။ ကလေးသူငယ်တစ်ဦးအားထိမ်းမြားရန် ကြောင်းလမ်းခြင်းနှင့် ထိမ်းမြားခြင်းသည် ဥပဒေကြောင်းအရ ထိခိုက်နစ်နာမှုမရှိစေရ။ ထိမ်းမြားနိုင်ရန် အနိမ့်ဆုံးအသက် ကန့်သတ်ရန်နှင့် ထိမ်းမြားခြင်းကို တရားဝင်မှတ်ပုံတင်ဌာနတစ်ခုတွင် မလွဲမသွေမှတ်ပုံတင်စေရန် ဥပဒေပြဋ္ဌာန်းခြင်းအပါအဝင် လိုအပ်သောဆောင်ရွက်ချက်အားလုံးကိုပြုလုပ်ရမည်။

## အပိုင်း-၅

## အပိုဒ်-၁၇

၁။ လက်ရှိစာချုပ်ကို အကောင်အထည်ဖော်ရာ၌ တိုးတက်မှုရရှိစေရန်ရည်ရွယ်၍ "အမျိုးသမီးများအားခွဲခြားမှုပပျောက်ရေးကော်မတီ" (ဤမှရှေ့တွင် ကော်မတီဟုရည်ညွှန်းမည်) တစ်ရပ်ကိုဖွဲ့စည်းရမည်။ ယင်းကော်မတီတွင် အကျင့်သိက္ခာမြင့်မားပြီးဤစာချုပ်နှင့် ပတ်သက်သောကိစ္စရပ်တွင် အရည်အချင်းပြည့်ဝသော ကျွမ်းကျင်သူများဖြင့် ဤစာချုပ်အတည် ဖြစ်သည့် အချိန်တွင် (၁၈)ဦးဖြင့် လည်းကောင်း၊ ဤစာချုပ်ကိုအပြီးသတ်အတည်ပြုသည့် သို့မဟုတ် နောက်မှပါဝင်ချုပ်ဆိုသည့် စာချုပ်ဝင်နိုင်ငံ ၃၅ နိုင်ငံရှိချိန်တွင် (၂၃)ဦး ဖြင့်လည်းကောင်း ပါဝင်ဖွဲ့စည်းရမည်။ ကျွမ်းကျင်သူများကို စာချုပ်ဝင်နိုင်ငံများ၏ နိုင်ငံသားများအနက်မှ ရွေးကောက်တင်မြှောက်ရန်ဖြစ်ပြီးယင်းတို့သည် သာတူညီမျှရှိသည့် ပထဝီအနေအထားအရ အချိုးအစား၊ ကိုယ်စားပြုရာကွဲပြားခြားနားသည့် ယဉ်ကျေးမှုနှင့် ပင်မဥပဒေစနစ်များကို အထောက်အထားပြုကာမိမိကိုယ်ပိုင် စွမ်းရည်အလျောက် တာဝန်ထမ်းဆောင်ရမည်။

၂။ ကော်မတီဝင်များကို စာချုပ်ဝင်နိုင်ငံများက တင်သွင်းသည့် အမည်စာရင်းမှ လျှို့ဝှက်မဲဖြင့် ရွေးကောက်တင်မြှောက်ရမည်။ စာချုပ်ဝင်နိုင်ငံတစ်ခုစီသည် မိမိ၏ နိုင်ငံသားတစ်ဦးကို အမည်တင်သွင်းနိုင်သည်။

၃။ ကနဦးရွေးကောက်တင်မြှောက်ခြင်းကို ဤစာချုပ်အတည်ဖြစ်သည့်နေ့မှ ၆လအတွင်း ကျင်းပရမည်။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်သည် ရွေးကောက်ပွဲတစ်ရပ် ကျင်းပချိန်မတိုင်မီ အနည်းဆုံး ၃ လကြိုတင်၍စာချုပ်ဝင်နိုင်ငံသားများအားယင်းတို့၏အမည်စာရင်းတင်သွင်းမှုကို၂လအတွင်းပေးအပ်ရန်ဖိတ်ခေါ်စာပေးပို့ရမည်။ အထွေထွေအတွင်းရေးမှူးချုပ်

သည် အမည်တင်သွင်းခံရသူအားလုံး၏ စာရင်းကိုတင်သွင်းသည့်နိုင်ငံကို ဖော်ပြလျက် အက္ခရာအစဉ်အလိုက်ပြုစုကာ စာချုပ်ဝင်နိုင်ငံများထံ တင်ပြရမည်။

၄။ ကော်မတီဝင်ရွေးကောက်တင်မြှောက်ခြင်းကို ကုလသမဂ္ဂဌာနချုပ်တွင် အထွေထွေ အတွင်းရေးမှူးချုပ်က ခေါ်ယူကျင်းပသော စာချုပ်ဝင်နိုင်ငံများ၏ အစည်းအဝေးတွင် ပြုလုပ်ရမည်။ ထိုအစည်းအဝေး၌ စာချုပ်ဝင်နိုင်ငံ သုံးပုံနှစ်ပုံ တက်ရောက်လျှင် အစည်းအဝေး အထမြောက်ပြီး အမည်စာရင်းတင်သွင်းသူများအနက် တက်ရောက်မဲပေးသော စာချုပ်ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၏ အများဆုံးမဲရရှိသူနှင့် မဲအသာရရှိသူများသည် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်သည်။

၅။ ကော်မတီဝင်များကို ၄ နှစ်သက်တမ်းအတွက် ရွေးကောက်တင်မြှောက်ရမည်။ သို့ရာတွင် ပထမရွေးကောက်ပွဲမှ ရွေးချယ်ခံရသည့် ကော်မတီဝင် ၉ ဦး၏သက်တမ်းမှာ ၂ နှစ်အကုန်တွင်ပြီးဆုံးရမည်။ ပထမရွေးကောက်ပွဲ အပြီးတွင်ပင် ယင်းကော်မတီဝင် ၆ ဦးအမည်ကို ကော်မတီဥက္ကဋ္ဌက မဲဖြင့်ရွေးချယ်ရမည်။

၆။ စာချုပ်ကို အပြီးသတ်အတည်ပြုသော သို့မဟုတ် နောက်မှပါဝင်ချုပ်ဆိုသော အဖွဲ့ဝင် ၃၅ နိုင်ငံ ပြည့်သည့်အခါ နောက်ထပ်ကော်မတီဝင် ၅ ဦးကို ဤအပိုဒ်၏ စာပိုဒ်၂၊ ၃ နှင့် ၄ တို့အရ ရွေးကောက်တင်မြှောက်ရမည်။ ယင်းကော်မတီဝင်များအနက်မှ ၂ ဦး၏သက်တမ်းသည် ၂ နှစ် အကုန်တွင် ပြီးဆုံးရမည်။ ထိုကော်မတီဝင် ၂ ဦး ၏ အမည်ကို ကော်မတီဥက္ကဋ္ဌက မဲဖြင့်ရွေးချယ်ရမည်။

၇။ အခါအားလျော်စွာ လစ်လပ်သွားသော နေရာများတွင် ဖြည့်စွက်ရန်အတွက် ကော်မတီဝင်အဖြစ် ဆောင်ရွက်ခြင်းမှ ရပ်စဲသွားသော ကျွမ်းကျင်သူ၏ စာချုပ်ဝင်နိုင်ငံသည် မိမိ၏နိုင်ငံသားများမှ အခြားကျွမ်းကျင်သူတစ်ဦးကို ကော်မတီ၏ အတည်ပြုချက်ဖြင့် ခန့်အပ်ရမည်။

၈။ အထွေထွေညီလာခံ၏အတည်ပြုချက်ဖြင့် ကော်မတီဝင်များသည် ကုလသမဂ္ဂ၏ အရင်းအမြစ်များထံမှ ထောက်ပံ့ကြေးများကို ညီလာခံက သတ်မှတ်သော စည်းကမ်းချက်များအရ ကော်မတီ၏ တာဝန်ရှိမှုအရ အရေးပါမှုအလျောက် ရရှိရမည်။

၉။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်သည် လက်ရှိစာချုပ်ပါ ကော်မတီ၏ လုပ်ငန်းဆောင်တာများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် လိုအပ်သော ဝန်ထမ်းများနှင့် အထောက်အကူများကို စီမံထားရှိပေးရမည်။

**အပိုဒ်-၁၈**

၁။ စာချုပ်ဝင်နိုင်ငံများသည် လက်ရှိစာချုပ်ပါ ပြဋ္ဌာန်းချက်များအကျိုးသက်ရောက်မှုရှိစေရန် ဥပဒေပြဋ္ဌာန်းရေး၊ တရားစီရင်ရေး၊ အုပ်ချုပ်ရေး သို့မဟုတ် အခြားလုပ်ဆောင်ချက်များနှင့် ပတ်သက်၍ မိမိတို့၏ဆောင်ရွက်မှုနှင့်တိုးတက်မှုတို့၏အစီရင်ခံစာတစ်စောင်ကို-

(က) သက်ဆိုင်ရာနိုင်ငံက စာချုပ်အတည်ဖြစ်ပြီး တစ်နှစ်အတွင်းတွင်နှင့်

(ခ) ယင်းနောက်ပိုင်းတွင် အနည်းဆုံးလေးနှစ်တိုင်းတွင်ဖြစ်စေ၊ ကော်မတီက တောင်းခံသောအခါတွင် ဖြစ်စေ၊ ကော်မတီက လေ့လာသုံးသပ်နိုင်ရန် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံ တင်သွင်းရန်တာဝန်ယူသည်။

၂။ အစီရင်ခံစာများတွင် လက်ရှိစာချုပ်ပါ တာဝန်ဝတ္တရားများကို ဖြည့်ဆည်းနိုင်မှု အတိုင်းအတာကိုသက်ရောက်စေသည့် အချက်အလက်များ၊ အခက်အခဲများကို ညွှန်ပြနိုင်သည်။

**အပိုဒ်-၁၉**

၁။ ကော်မတီသည် မိမိ၏လုပ်ငန်းဆောင်တာ လုပ်ထုံးလုပ်နည်းများကို လက်ခံအတည်ပြုရမည်။

၂။ ကော်မတီသည် မိမိ၏ရုံးအရာရှိများကို ၂ နှစ်သက်တမ်းအတွက် ရွေးချယ်ရမည်။

**အပိုဒ်-၂၀**

၁။ ကော်မတီသည် ဤစာချုပ်၏ အပိုဒ် ၁၈ နှင့်အညီ တင်သွင်းသော အစီရင်ခံစာများအပေါ် သုံးသပ်လေ့လာနိုင်ရန်အလို့ငှာ ပုံမှန်အားဖြင့်နှစ်စဉ်ရက်သတ္တပတ်(၂)ပတ်ထက်မကြာသောကာလအတွက် အစည်းအဝေးကျင်းပရမည်။

၂။ ကော်မတီအစည်းအဝေးများကို ပုံမှန်အားဖြင့် ကုလသမဂ္ဂဌာနချုပ်တွင်ဖြစ်စေ၊ ကော်မတီကသတ်မှတ်ထားသော အခြားသင့်လျော်သည့်နေရာတွင်ဖြစ်စေ ကျင်းပမည်။

## အပိုဒ်-၂၁

၁။ ကော်မတီသည် စီးပွားရေးနှင့် လူမှုရေးကောင်စီမှ တစ်ဆင့် အထွေထွေညီလာခံသို့ မိမိ၏ဆောင်ရွက်မှုများကို နှစ်စဉ် အစီရင်ခံရမည်။ ထိုသို့ အစီရင်ခံရာ၌ စာချုပ်ဝင်နိုင်ငံများ ထံမှရရှိသော အစီရင်ခံစာများ၊ သတင်းအချက်အလက်များအပေါ် လေ့လာစစ်ဆေး၍ အကြံပြုချက်များ၊ယေဘုယျထောက်ခံချက်များဖော်ပြနိုင်သည်။ စာချုပ်ဝင်နိုင်ငံများ၏သဘော ထားများရှိလျှင် အဆိုပါအကြံပြုချက်များ၊ ယေဘုယျထောက်ခံချက်များကို ကော်မတီ၏ အစီရင်ခံစာတွင် ထည့်သွင်းရမည်။

၂။ အထွေထွေအတွင်းရေးမှူးချုပ်သည် ကော်မတီ၏ အစီရင်ခံစာကို "အမျိုးသမီးများ၏ အခြေအနေဆိုင်ရာကော်မရှင်" ထံသို့သိရှိနိုင်ရန် လွှဲအပ်တင်ပို့ရမည်။

## အပိုဒ်-၂၂

၁။ အထူးအေဂျင်စီအဖွဲ့များသည် မိမိတို့၏ လုပ်ငန်းဆောင်တာ နယ်ပယ်အတွင်း ကျရောက်သော ဤစာချုပ်ပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ရန်အတွက် ကိုယ်စား ပြုနိုင်ခွင့်ရှိစေရမည်။ ကော်မတီသည် အထူးအေဂျင်စီအဖွဲ့များကို ယင်းတို့၏လုပ်ငန်း ဆောင်တာ နယ်ပယ်အတွင်းကျရောက်သော ဤစာချုပ်ပါ ပြဋ္ဌာန်းချက်များကိုအကောင် အထည်ဖော်ခြင်းနှင့် စပ်လျဉ်း၍ အစီရင်ခံစာများ တင်သွင်းရန် ဖိတ်ခေါ်နိုင်သည်။

## အပိုင်း-၆

## အပိုဒ်-၂၃

ဤစာချုပ်ပါ မည်သည့်ပြဋ္ဌာန်းချက်မှ-

(က) စာချုပ်ဝင်နိုင်ငံတစ်နိုင်ငံ၏ ဥပဒေပြဋ္ဌာန်းချက်တွင်ဖြစ်စေ၊

(ခ) ထိုနိုင်ငံအပေါ် အာဏာသက်ရောက်သော ကွန်ဗင်းရှင်းစာချုပ်၊ သဘောတူ ညီချက် တစ်ခုခုတွင်ဖြစ်စေ၊ ပါရှိသောအမျိုးသားနှင့်အမျိုးသမီးတန်းတူရည်တူ ဖြစ်ထွန်းနိုင်မှုအတွက် ပိုမိုသာလွန်သည့် ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို မထိခိုက် စေရ။

**အပိုဒ်-၂၄**

စာချုပ်ဝင်နိုင်ငံများသည် လက်ရှိစာချုပ်က အသိအမှတ်ပြုထားသော အခွင့်အရေးများကို အပြည့်အဝအကောင်အထည်ဖော်နိုင်ရန် ရည်ရွယ်သည့် လိုအပ်သမျှသော အမျိုးသားရေးအဆင့် ဆောင်ရွက်ဖွယ်ရာ အားလုံးကို လက်ခံအတည်ပြုရန် တာဝန်ယူသည်။

**အပိုဒ်-၂၅**

၁။ လက်ရှိစာချုပ်ကိုမည်သည့်နိုင်ငံကမဆို လက်မှတ်ရေးထိုးနိုင်ရန် ဖွင့်လှစ်ထားရှိရမည်။

၂။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်အား လက်ရှိစာချုပ်၏ စာချုပ်ထိန်းသိမ်းရသူအဖြစ် သတ်မှတ်ရမည်။

၃။ လက်ရှိစာချုပ်ကို အပြီးသတ်အတည်ပြုနိုင်ခွင့်ရှိသည်။ အပြီးသတ်အတည်ပြုသည့် စာရွက်စာတမ်းများကို ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံ ပေးအပ်ထားရမည်။

၄။ လက်ရှိစာချုပ်ကို နိုင်ငံအားလုံးက နောက်မှပါဝင်ချုပ်ဆိုနိုင်ရန် ခွင့်ပြုထားရမည်။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံ နောက်မှပါဝင်ချုပ်ဆိုကြောင်း အကြောင်းကြားစာ တင်သွင်းခြင်းဖြင့် နောက်မှပါဝင်ချုပ်ဆိုမှု အကျိုးသက်ရောက်စေရမည်။

**အပိုဒ်-၂၆**

၁။ လက်ရှိစာချုပ်ကို ပြင်ဆင်ရန် မေတ္တာရပ်ခံချက်ကို မည်သည့်စာချုပ်ဝင်နိုင်ငံကမဆို ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံ လိပ်မူလျက် အကြောင်းကြားစာ ပေးပို့ခြင်းဖြင့် အချိန်မရွေးပြုလုပ်နိုင်သည်။

၂။ ကုလသမဂ္ဂအထွေထွေညီလာခံသည် အဆိုပါမေတ္တာရပ်ခံချက်နှင့်ပတ်သက်၍ ဆောင်ရွက်ရန် နည်းလမ်းအဆင့်ဆင့်ရှိလျှင် ယင်းနည်းလမ်းများအတိုင်း ပြုလုပ်ရန် ဆုံးဖြတ်ချက်ချမှတ်ရမည်။

**အပိုဒ်-၂၇**

၁။ ဤစာချုပ်သည် နိုင်ငံပေါင်း (၂၀) က အတည်ပြုသည့် သို့မဟုတ် နောက်မှပါဝင်ချုပ်ဆိုသည့်စာတမ်းကို ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံ ပေးအပ်ပြီးသည့်နေ့မှ ရက်ပေါင်း ၃၀ ပြည့်သည်နေ့တွင် အတည်ဖြစ်ရမည်။

၂။ ဤစာချုပ်နှင့် စပ်လျဥ်း၍ နိုင်ငံပေါင်း၂၀ က အပြီးသတ်အတည်ပြုသည့် သို့မဟုတ် နောက်မှ ပါဝင်ချုပ်ဆိုပြီးနောက်မှ နိုင်ငံတစ်နိုင်ငံသည် အဆိုပါစာချုပ်အား အပြီးသတ်

ပါဝင်ချုပ်ဆိုလျှင် သို့မဟုတ် နောက်မှပါဝင်ချုပ်ဆိုခြင်းပြုလျှင် ထိုနိုင်ငံနှင့်စပ်လျဉ်း၍ ယင်းစာချုပ်ကို အပြီးသတ်အတည်ပြုခြင်း သို့မဟုတ် နောက်မှပါဝင်ချုပ်ဆိုခြင်းတို့ လုပ်ဆောင်ပြီးရက်ပေါင်း (၃၀)ပြည့်သည့်နေ့တွင် အတည်ဖြစ်ရမည်။

**အပိုဒ်-၂၈**

၁။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်သည် နိုင်ငံများက ယင်းတို့၏ အပြီးသတ်အတည်ပြုခြင်း သို့မဟုတ် နောက်မှပါဝင်ချုပ်ဆိုခြင်း ပြုသည့်အချိန်၌ ခြွင်းချက်ပြုသည့် အချက်ကို လက်ခံရမည်ဖြစ်ပြီး ယင်းအကြောင်းကို နိုင်ငံအားလုံးသို့ ဖြန့်ဝေစေရမည်။

၂။ လက်ရှိစာချုပ်၏ ရည်ရွယ်ချက်၊ ဦးတည်ချက်နှင့် ဆီလျော်မှုမရှိသော ခြွင်းချက်ပြုမှုကို ခွင့်မပြုစေရ။

၃။ ခြွင်းချက်ပြုမှုများကို ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံ လိပ်မူလျက် အကြောင်းကြားစာပေးပို့ခြင်းဖြင့် အချိန်မရွေး ပြန်လည်ရုပ်သိမ်းနိုင်သည်။ အတွင်းရေးမှူးချုပ်သည် ယင်းအကြောင်းကို စာချုပ်ဝင်နိုင်ငံအားလုံးသို့ အကြောင်းကြားရမည်။ ယင်းအကြောင်းကြားစာကို လက်ခံရရှိသော နေ့ရက်တွင် စတင် အကျိုးသက်ရောက်စေရမည်။

**အပိုဒ်-၂၉**

၁။ လက်ရှိစာချုပ်ကို အဓိပ္ပါယ်ဖွင့်ဆိုခြင်း သို့မဟုတ် အသုံးပြုခြင်းနှင့်ပတ်သက်၍ စာချုပ်ဝင်နိုင်ငံနှစ်ခု သို့မဟုတ် အများအကြား ညှိနှိုင်းဖြေရှင်း၍ မရအောင် အငြင်းပွားမှု ဖြစ်ပွားလျှင် ယင်းနိုင်ငံတစ်ခုခုက မေတ္တာရပ်ခံပါက အနုညာတခုံရုံးသို့ တင်ပြရမည်။ အနုညာတခုံရုံးမှ ဆုံးဖြတ်ပေးရန် မေတ္တာရပ်ခံသည့်နေ့ရက်မှ (၆)လအတွင်း အငြင်းပွား နိုင်ငံများသည် အနုညာတခုံရုံးဖွဲ့စည်းခြင်းတွင် သဘောတူညီချက်မရှိခဲ့လျှင် ယင်းနိုင်ငံတစ်ခုခုသည် အငြင်းပွားမှုကို အပြည်ပြည်ဆိုင်ရာတရားရုံးသို့ ယင်း၏စည်းမျဉ်းဥပဒေနှင့်အညီ မေတ္တာရပ်ခံတင်ပြနိုင်သည်။

၂။ စာချုပ်ဝင်နိုင်ငံအသီးသီးသည် ဤစာချုပ်ကို လက်မှတ်ရေးထိုးခြင်း သို့မဟုတ် အပြီးသတ်အတည်ပြုသည့် အချိန်တွင်ဖြစ်စေ၊ နောက်မှ ပါဝင်ချုပ်ဆိုခြင်းပြုသည့် အချိန်တွင်ဖြစ်စေ၊ မိမိသည် ဤအပိုဒ်၏စာပိုဒ် ၁ ကို လိုက်နာမည်မဟုတ်ကြောင်း ထုတ်ပြန်ကြေငြာနိုင်သည်။ အခြားစာချုပ်ဝင်နိုင်ငံများသည် ယင်းသို့ ခြွင်းချက်ပြုသော နိုင်ငံအပေါ်တွင် ထိုစာပိုဒ်နှင့်ပတ်သက်၍ ချုပ်နှောင်ခြင်းမရှိစေရ။

၃။ ဤအပိုဒ်၏ စာပိုဒ် ၂ နှင့်အညီ ခြွင်းချက်ပြုထားသော နိုင်ငံတစ်နိုင်ငံအနေဖြင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံသို့ အကြောင်းကြား၍ ထိုခြွင်းချက်ပြုမှုကို အချိန်မရွေး ပြန်လည်ရုပ်သိမ်းနိုင်သည်။

## အပိုဒ်-၃၀

လက်ရှိစာချုပ်ကို ယင်း၏ အာရေဗျစာချုပ်မူ၊ တရုတ်စာချုပ်မူ၊ အင်္ဂလိပ်စာချုပ်မူ၊ ပြင်သစ်စာချုပ်မူ၊ ရုရှားစာချုပ်မူ၊ စပိန်စာချုပ်မူများနှင့် ထပ်တူထပ်မျှ တရားဝင်၍ မှန်ကန်သည်ချည်းဖြစ်သည့်အလျောက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံ ပေးအပ်ရမည်။